# တရုတ်ဆိုင်ကယ်တင်သွင်းသူများ ဝမ်းမြောက်ဖွယ်



- မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ဈေးနှုန်းအစည်းအဝေးအား အပတ်စဉ် တစ်ပတ်လျှင် (၂) ကြိမ် (အင်္ဂါ/သောကြာ)နေ့များတွင် ကျင်းပပြုလုပ်၍ တင်ပို့/တင်သွင်းလျက်ရှိသော ကုန်ပစ္စည်းများအတွက် ဈေးနှုန်းများကို အတည်ပြုဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်မှာ ကုန်သည် လုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းများ တင်ပို့/တင်သွင်းရာတွင် မှန်ကန်သော ဈေးနှုန်းဖြင့် လွယ်ကူ လျင်မြန်စွာ ကုန်သွယ်မှု လုပ်ငန်းကို ပိုမိုလုပ်ကိုင်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

- မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုပမာဏ တိုးတက်စေရန်အတွက်လည်းကောင်း၊ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်ပြီး တရားဝင် ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်အတွက် လည်းကောင်း၊ တစ်ဘက်နိုင်ငံမှ ဆိုင်ကယ်ဝယ်ယူဈေးနှုန်းအမှန်ကို သိရှိစေရန် ရည်ရွယ်၍ (၂၂-၅-၂၀၁၆) ရက်နေ့၌ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်းဝင်များ၊ ဆိုင်ကယ်ထုတ်သွင်းရောင်းချသူများ (Cluster) အဖွဲ့ ၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာန (OSS)မှ အဖွဲ့ဝင် တစ်ဦးစီ ပါဝင်သော ဈေးကွက်ရှာဖွေရေး၊ ဈေးနှုန်းစိစစ် ညှိနှိုင်းထောက်ခံရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ တို့ဖြင့် တစ်ဘက်နိုင်ငံ ကျယ်ဂေါင်ဘက်၌ ဆိုင်ကယ်ဈေးကွက်တွင် လက်ရှိဖြစ်ပေါ်နေသော မြေပြင်တွင် အမှန်ရောင်းချဈေးနှုန်းများကို ကွင်းဆင်းစုံစမ်းဖော်ထုတ်ခဲ့ပါသည်။ဈေးနှုန်းစုံစမ်းရာတွင် တင်သွင်း နေသော ဆိုင်ကယ်အမျိုးအစားအလိုက် ရောင်းချနေသည့် ဆိုင်ကယ် အရောင်းဆိုင်များသို့ သွားရောက် လေ့လာ စုံစမ်းမှုများ ဆောင်ရွက်ခဲ့ပြီး တရုတ်ဆိုင်ကယ်များ၏ Model Year၊ Brand Name နှင့် Engine Power တို့အလိုက် ဈေးနှုန်းများကွာခြားမှုရှိနေကြောင်း တွေ့ရှိရကာ ရရှိသည့် ဈေးနှုန်း အခြေ အနေများကို အထောက်အထားများနှင့်တကွ အသေးစိတ်အခြေအနေများအား မှတ်တမ်းတင် ခဲ့ပါသည်။

- ထိုသို့ ဆိုင်ကယ်ဈေးကွက်မှ ရရှိသော မြေပြင်ဈေးနှုန်းများကို အခြေခံ၍ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ (၂၇-၅-၂၀၁၆) ရက်နေ့ ဈေးနှုန်းညှိနှိုင်းအစည်းအဝေးတွင် ဈေးနှုန်းစိစစ်ရေးအဖွဲ့၊ ဆိုင်ကယ်ထုတ်သွင်းရောင်းချသူများ(Cluster)အဖွဲ့၊ ဆိုင်ကယ်တင်သွင်းသည့် လုပ်ငန်းရှင်များတို့ပါ ဖိတ်ကြား၍ ဈေးကွက်တွင် ဖြစ်ပေါ်နေသည့် ဈေးနှုန်းများအရ တစ်ဘက်နိုင်ငံမှ တင်သွင်းမှု လွယ်ကူစေရန်နှင့် မှန်ကန်မှုရှိစေရန် ဆိုင်ကယ်အမျိုးအစား စုစုပေါင်း (၈၄) မျိုးအား ဈေးနှုန်းညှိနှိုင်းသတ်မှတ်ခဲ့ပါသည်။ ဤကဲ့သို့ ဆိုင်ကယ်အမျိုးအစားအလိုက် ဈေးနှုန်းသတ်မှတ်လိုက်သည့်အတွက် ဆိုင်ကယ်တင်သွင်းသူများ တင်သွင်းသည့် ဈေးနှုန်းများ ပိုမို၍ ပွင့်လင်းမြင်သာမှုရှိလာပြီး လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲမရှိဘဲ အလွယ်တကူ ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

ဥပမာ- ဆိုင်ကယ် **(Brand: Follow me, Engine Power : 110 CC, Model Year: 2016) အား အတည်ပြုဈေးနှုန်း (240) USD)** ဖြင့် လုပ်ငန်းရှင်တစ်ဦးမှ ဆိုင်ကယ်(၁)စီး တင်သွင်းလျှင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်နှုန်းထားများမှာ အောက်ပါအတိုင်း ကုန်ကျမည်ဖြစ်ပါသည်-

**(က) အကောက်ခွန်ဦးစီးဌာန (အခွန်နှုန်းထားများ )**

- AV တန်ဖိုး= (၂၄၀ ဒေါ်လာ x ၁၁၆၈ ကျပ်) = **၂၈၀၃၂၀** ကျပ်(မှတ်ချက်။ ၁ ဒေါ်လာ = ၁၁၆၈ ကျပ်)
- CD တန်ဖိုး = (AV တန်ဖိုး x ၅ %) = (၂၈၀၃၂၀ကျပ် x ၅% )= **၁၄၀၁၆** ကျပ်
- CT တန်ဖိုး=( AV တန်ဖိုး+ CD တန်ဖိုး) x ၅ % = (၂၈၀၃၂၀+၁၄၀၁၆)ကျပ် x ၅% = ၁၄၇၁၆.၈ **(၁၄၇၁၇) ကျပ်**

**စုစုပေါင်းကုန်ကျစရိတ် (CD + CT) = (၁၄၀၁၆ + ၁၄၇၁၇) ကျပ်= ၂၈၇၃၃ ကျပ်**

**(ခ) ပြည်တွင်းအခွန်များဦးစီးဌာန (ကြိုတင်ဝင်ငွေခွန် ၂%)**

-ကြိုတင်ဝင်ငွေခွန် = (AV တန်ဖိုး x ၂ %) (၂၈၀၃၂၀ ကျပ် x ၂ %)= ၅၆၀၆.၄ **(၅၇၀၀) ကျပ်**

**(ဂ) မြန်မာ့စီးပွားရေးဘဏ် (ဘဏ်ဆောင်ရွက်ခ ၀.၁၂၅%)**

-ဘဏ်ဆောင်ရွက်ခ = (AV တန်ဖိုး x ၀.၁၂၅ %) = (၂၈၀၃၂၀ကျပ် x ၀.၁၂၅% ) = ၃၅၀.၄ **(၃၆၀) ကျပ်**

**(ဃ) အဆိုပါအမျိုးအစားအတွက် စုစုပေါင်း အခွန်ပေးဆောင်ရမည့်ကုန်ကျစရိတ်မှာ ကျပ် (၃၄၇၉၃) ခန့် ဖြစ်ပါသည်။**

- မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးဦးစီးဌာနမှ သွင်းကုန်လိုင်စင် ထုတ်ပေးလျက်ရှိသော ဆိုင်ကယ်များအတွက် ဈေးနှုန်းသတ်မှတ်မှုသည် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်အသင်း၊ ဆိုင်ကယ်ထုတ်သွင်း ရောင်းချသူများအဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များဖြင့် တစ်ဘက်တရုတ်နိုင်ငံ ကုန်ပစ္စည်းရောင်းချသူများ၏ လက်ကားရောင်းချသည့် နေရာများသို့ အခြေခံဈေးနှုန်းများ သွားရောက်ကောက်ယူပြီးမှ ဈေးနှုန်းအစည်းအဝေးပြုလုပ်သည့်နေ့တွင် တက်ရောက်လာသည့် ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းသားများရှေ့၌ ကုန်ပစ္စည်းဈေးနှုန်းကို ညှိနှိုင်းဆွေးနွေး

အတည်ပြုသတ်မှတ်သော စနစ်ဖြစ်၍ ပွင့်လင်းမြင်သာမှုရှိကာ မိမိနိုင်ငံမှ ကုန်ပစ္စည်းတင်သွင်းသူ ကုန်သည်များဘက်နှင့် နိုင်ငံတော်ဘက်အခြမ်း နှစ်ဖက်စလုံးမှ နစ်နာမှုမရှိအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် Model တရုတ်နိုင်ငံထုတ် ဆိုင်ကယ်အမျိုးအစား (၈၄) မျိုးအတွက် သတ်မှတ်ခဲ့သည့် ဈေးနှုန်းစာရင်းနှင့်အတူ မူဆယ်နယ်စပ်မှ တရားဝင် တင်သွင်းနိုင်ရေး ပြည်သူများအား သတင်းကောင်းပါး တင်ပြလိုက်ရပါသည်။



- (၂၇-၅-၂၀၁၆) ရက်နေ့တွင် ပြုလုပ်သော ဈေးနှုန်းညှိနှိုင်းအစည်းအဝေးမှ အမျိုးအစားအလိုက် မြေပြင်ဈေးနှုန်းအပေါ် အခြေခံ၍ ဆိုင်ကယ်အမျိုးအစား (၈၄)မျိုး၏ အတည်ပြုဈေးနှုန်းစာရင်းအား တစ်ဘက်ပါအတိုင်းဖြစ်ပါသည်-

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်

ဈေးနှုန်းစိစစ်ရေးအဖွဲ့မှ ၂၇-၅-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းသတ်မှတ်ထားသည့်

မော်တော်ဆိုင်ကယ်အမျိုးအစားအလိုက် အတည်ပြုဈေးနှုန်းများ

| စဉ် | ဆိုင်အမည် | BRAND | Engine power | Model Year | ညှိနှိုင်း အတည်ပြု ဈေးနှုန်း($) | မှတ်ချက် |
|---|---|---|---|---|---|---|
| 1 | JIANLING | JIANLING | 125 CC | 2016 | 538 | |
| | ။ | JIANLING | 150 CC | 2016 | 538 | |
| 2 | FOLLOW ME | FOLLOW ME | 110 CC | 2016 | 240 | |
| | ။ | FOLLOW ME | 125 CC | 2016 | 256 | |
| | ။ | FOLLOW ME | 150 CC | 2016 | 401 | |
| | ။ | MOLISA | 110 CC | 2016 | 240 | |
| | ။ | MOLISA | 125 CC | 2016 | 261 | |
| 3 | XIN ANBO | XIN ANBO | 110 CC | 2016 | 240 | |
| | ။ | XIN ANBO | 125 CC | 2016 | 265 | |
| 4 | H$^{x}$ANBO | H$^{x}$ANBO | 110 CC | 2016 | 240 | |
| | ။ | H$^{x}$ANBO | 125 CC | 2016 | 270 | |
| | ။ | HANBO STAR | 125 CC | 2016 | 270 | |
| 5 | SUPER ANBO | SUPER ANBO | 125 CC | 2016 | 273 | |
| 6 | JLM | FEILING | 110 CC | 2016 | 244 | |
| | ။ | FEILING | 125 CC | 2016 | 256 | |
| | ။ | FLYMO | 110 CC | 2016 | 237 | |
| | ။ | FLYMO | 125 CC | 2016 | 253 | |
| 7 | LANJIA | LANJIA | 110 CC | 2016 | 240 | |
| | ။ | LANJIA | 125 CC | 2016 | 249 | |
| | ။ | LOUJIA | 110 CC | 2016 | 246 | |
| | ။ | LOUJIA | 125 CC | 2016 | 249 | |
| 8 | LOCKER | LOCKER | 125 CC | 2016 | 256 | |

| စဉ် | ဆိုင်အမည် | BRAND | Engine power | Model Year | ညှိနှိုင်း အတည်ပြု ဈေးနှုန်း($) | မှတ်ချက် |
|---|---|---|---|---|---|---|
| | ။ | NEW ROYAL | 110 CC | 2016 | 240 | |
| | ။ | VGRADED | 110 CC | 2016 | 252 | |
| | ။ | VGRADED | 125 CC | 2016 | 277 | |
| | ။ | VOSKER | 110 CC | 2016 | 277 | |
| | ။ | VOSKER | 125 CC | 2016 | 252 | |
| 9 | YES SUMBO | YES SUMBO | 125 CC | 2016 | 297 | |
| | ။ | YES SUMBO | AUTO 125 CC | 2016 | 529 | |
| | ။ | YES SUMBO | AUTO 110 CC | 2016 | 513 | |
| | ။ | HONDA | 110 CC | 2016 | 481 | |
| 10 | WINGCHARM | BOJIA | 125 CC | 2016 | 265 | |
| | ။ | BOJIA | 110 CC | 2016 | 232 | |
| | ။ | GANBO | 125 CC | 2016 | 265 | |
| 11 | SKY GO | SKY GO | 125 CC | 2016 | 369 | |
| | ။ | NEW AIBO | 125 CC | 2016 | 265 | |
| | ။ | NEW AIBO | 110 CC | 2016 | 249 | |
| | ။ | NEW STAR | 125 CC | 2016 | 265 | |
| | ။ | NEW STAR | 110 CC | 2016 | 249 | |
| | ။ | NEW AISA | 125 CC | 2016 | 265 | |
| | ။ | NEW AISA | 110 CC | 2016 | 249 | |
| | ။ | MDL | 125 CC | 2016 | 256 | |
| | ။ | PINBO | 125 CC | 2016 | 259 | |
| | ။ | LONSHAN | 125 CC | 2016 | 259 | |
| 12 | SAWBWAR | SAWBWAR | AUTO 110 CC | 2016 | 465 | |
| | ။ | SAWBWAR | AUTO 125 CC | 2016 | 465 | |
| 13 | HONG GA | HONG GA | 150 CC | 2016 | 529 | |

| စဉ် | ဆိုင်အမည် | BRAND | Engine power | Model Year | ညှိနှိုင်းအတည်ပြုဈေးနှုန်း($) | မှတ်ချက် |
|---|---|---|---|---|---|---|
| | ။ | HONG GA | 125 CC | 2016 | 481 | |
| 14 | ZHAN SHENG | ZHAN SHENG | 125 CC | 2016 | 268 | |
| | ။ | XUWEI | 125 CC | 2016 | 261 | |
| 15 | FEASTER | FEASTER | 125 CC | 2016 | 256 | |
| | ။ | AIMO | 125 CC | 2016 | 265 | |
| | ။ | YATANAR | 125 CC | 2016 | 256 | |
| 16 | A GUO | FENGBO | 110 CC | 2016 | 240 | |
| | ။ | FENGBO | 125 CC | 2016 | 273 | |
| | ။ | AGUO | 125 CC | 2016 | 273 | |
| 17 | JIALING | JIALING | 90 CC | 2016 | 369 | |
| 18 | LUOJIA | LUOJIA | 110 CC | 2016 | 385 | |
| | ။ | LUOJIA | 125 CC | 2016 | 401 | |
| 19 | ADIXIN | ADIXIN | AUTO 125 CC | 2016 | 481 | |
| | ။ | ADIXIN | 125 CC | 2016 | 289 | |
| 20 | LVJIA | LVJIA | 48V/350W(ဘတ္တရီစက်ဘီး) | 2016 | 216 | |
| | ။ | LVJIA | 48V/450W(ဘတ္တရီဆိုင်ကယ်) | 2016 | 297 | |
| | ။ | LVJIA | 48V/600W(ဘတ္တရီဆိုင်ကယ်) | 2016 | 337 | |
| 21 | SURKA | SURKA | 110 CC | 2016 | 280 | |
| | ။ | SURKA | 125 CC | 2016 | 301 | |
| | ။ | SURKA | AUTO 125 CC | 2016 | 489 | |
| | ။ | OKENBO | 110 CC | 2016 | 249 | |
| | ။ | OKENBO | 125 CC | 2016 | 268 | |
| 22 | WONJAN | EILAN | 110 CC | 2016 | 256 | |
| | ။ | EILAN | 125 CC | 2016 | 273 | |
| | ။ | ZIPPO | 110 CC | 2016 | 268 | |

| စဉ် | ဆိုင်အမည် | BRAND | Engine power | Model Year | ညှိနှိုင်း အတည်ပြု ဈေးနှုန်း($) | မှတ်ချက် |
|---|---|---|---|---|---|---|
| | ။ | ZIPPO | 125 CC | 2016 | 286 | |
| 23 | WSC | WSC | AUTO 110 CC | 2016 | 369 | |
| | ။ | WSC | 250 CC | 2016 | 1043 | |
| | ။ | MAX | AUTO 110 CC | 2016 | 369 | |
| | ။ | MAX | AUTO 125 CC | 2016 | 401 | |
| 24 | QJIANG | QJIANG | 125 CC | 2016 | 417 | |
| | ။ | SUKISTAR | 125 CC | 2016 | 265 | |
| 25 | ZAW ANBO | CUP THAI | 125 CC | 2016 | 256 | |
| [illegible] | NEW CANBO | NEW ENBO | 125 CC | 2016 | 265 | |
| 27 | YINXIANG | SHAYAN | 110 CC | 2016 | 256 | |
| 28 | JJXY | JJXY | 125 CC | 2016 | 253 | |
| | ။ | JIAN BO | 125 CC | 2016 | 253 | |